ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က) ပါပြဋ္ဌာန်းချက်အရ **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ"**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (န) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဖ) | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (အ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ကက) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ခခ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဂဂ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဃဃ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ငင) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(စစ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

(ဆဆ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဇဇ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စက်မှုဝန်ကြီးဌာန

(ဈဈ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို စုဆောင်း၍ ဗဟိုကော်မတီသို့ သုံးသပ်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ စီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီး နှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်းပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရ သို့မဟုတ် ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစား ငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာအကြံပြုချက်များ ရယူဖြန့်ဖြူးနိုင်ရန် ပြည်တွင်း ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာ ဆိုင်ရာ သုတေသနဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ နှင့် လုပ်ငန်းသုံးသပ်မှုနှင့်ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့တို့ကို ဖွဲ့စည်း ပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာ များကို တင်ပြခြင်း၊

(ဌ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့ခွဲဝေမှု ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန် များကို ဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိ ထုတ်လုပ်မှု ကဏ္ဍများနှင့် ရောင်းဝယ်မှု ကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှု ဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း။

၃။ လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟို ကော်မတီ၏ ၂၄-၃-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၃၊ ၃၀-၈-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အတွင်းရေးမှူး
**အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

စာအမှတ်၊ သငလ(ဗဟို) / ဖွဲ့စည်း/ ၂၀၂၅ ( ၀၀၂ )
ရက်စွဲ ၊၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။

**ဖြန့်ဝေခြင်း**
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်း ကြေညာပေးပါရန်။